Vaccine Information Statement ● Pneumococcal Conjugate (5/12/23) ● Burmese Translation ● Distributed by Immunize.org

# နျူမိုကော့ကယ် နှစ်မျိုးစပ် ကာကွယ်ဆေး -*သင်သိထားရမည့်အရာ*

Many vaccine information statements are available in Spanish and other languages. See [www.immunize.org/vis](http://www.immunize.org/vis)
ကာကွယ်ဆေး သတင်းအချက်အလက် ဖော်ပြချက်များစွာကို စပိန်ဘာသာနှင့် အခြားဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။ www.immunize.org/vis တွင်ကြည့်ပါ

## 1. ဘာကြောင့် ကာကွယ်ဆေးထိုးမှာလဲ။

**နျူမိုကော့ကယ် နှစ်မျိုးစပ် ကာကွယ်ဆေး**သည် **နျူမိုကော့ကယ်ရောဂါကို** ကာကွယ်ပေးနိုင်ပါသည်။

နျူမိုကော့ကယ် ဘက်တီးရီးယားကြောင့် ဖြစ်ပွားသော မည်သည့်နာမကျန်းမှုမဆိုကို **နျူမိုကော့ကယ်ရောဂါ**ဟု ရည်ညွှန်းပါသည်။ ယင်းဘက်တီးရီးယားများသည် အဆုတ်ကူးစက်ရောဂါ တစ်ခုဖြစ်သော နမိုးနီးယားရောဂါ အပါအဝင် နာမကျန်းမှု အမျိုးအစားများစွာကို ဖြစ်စေနိုင်ပါသည်။ နျူမိုကော့ကယ် ဘက်တီးရီးယားများသည် နမိုးနီးယားရောဂါ၏ အဖြစ်အများဆုံး အကြောင်းရင်းများအနက် တစ်ခုဖြစ်ပါသည်။

နမိုးနီးယားအပြင် နျူမိုကော့ကယ် ဘက်တီးရီးယားများသည် အောက်ပါတို့ကိုလည်း ဖြစ်စေနိုင်ပါသည် -

- နားရွက် ကူးစက်ရောဂါများ
- လိုဏ်ခေါင်း ကူးစက်ရောဂါများ
- ဦးနှောက်အမြှေးရောင်ရောဂါ (ဦးနှောက်နှင့် အာရုံကြောမကြီးကို ဖုံးအုပ်ထားသည့် တစ်သျှူးတွင် ကူးစက်ရောဂါ)
- သွေးတွင်းပိုးဆိပ်ဖြစ်ခြင်း (သွေးတွင်း ကူးစက်ရောဂါ)

မည်သူမဆို နျူမိုကော့ကယ်ရောဂါ ဖြစ်ပွားနိုင်သော်လည်း အသက် 2 နှစ်အောက် ကလေးများ၊ အချို့သော ဆေးဘက်ဆိုင်ရာ အခြေအနေများ သို့မဟုတ် အခြားအန္တရာယ်ရှိသည့် အချက်များ ရှိသူများနှင့် အသက် 65 နှစ်နှင့်အထက် ရှိသူများသည် အန္တရာယ်အများဆုံး ဖြစ်ပါသည်။

နျူမိုကော့ကယ် ကူးစက်ရောဂါ အများစုသည် အပျော့စားဖြစ်ပါသည်။ သို့ရာတွင် အချို့၌ ဦးနှောက်ထိခိုက်ခြင်း သို့မဟုတ် အကြားအာရုံ ဆုံးရှုံးခြင်းတို့ ကဲ့သို့သော ရေရှည်ပြဿနာများကို ဖြစ်စေနိုင်ပါသည်။ ဦးနှောက်အမြှေးရောင်ခြင်း၊ သွေးတွင်းပိုးဆိပ်ဖြစ်ခြင်းနှင့် နျူမိုကော့ကယ်ကြောင့်ဖြစ်သော နမိုးနီးယားရောဂါတို့ကြောင့် သေဆုံးနိုင်ပါသည်။

## 2. နျူမိုကော့ကယ် နှစ်မျိုးစပ်ကာကွယ်ဆေး

နျူမိုကော့ကယ် နှစ်မျိုးစပ်ကာကွယ်ဆေးသည် နျူမိုကော့ကယ်ရောဂါကို ဖြစ်စေနိုင်သော ဘက်တီးရီးယားများကို ကာကွယ်ရာတွင် အကူအညီဖြစ်စေပါသည်။ (PCV13၊ PCV15 နှင့် PCV20) ဟူ၍ နျူမိုကော့ကယ် နှစ်မျိုးစပ်ကာကွယ်ဆေး သုံးမျိုးရှိပါသည်။ အသက်နှင့် ဆေးဘက်ဆိုင်ရာ အခြေအနေအပေါ် မူတည်၍ လူအမျိုးမျိုးအတွက် မတူညီသော ကာကွယ်ဆေးများကို တိုက်တွန်းပါသည်။ မည်သည့် နျူမိုကော့ကယ် နှစ်မျိုးစပ်ကာကွယ်ဆေး အမျိုးအစားနှင့် အကြိမ်ရေမည်မျှ သင်ထိုးသင့်သည်ကို ဆုံးဖြတ်ရာတွင် သင့်အားကျန်းမာရေးစောင့်ရှောက်မှု ပေးသူက ကူညီပေးနိုင်ပါသည်။

**မွေးကင်းစကလေးများနှင့် ကလေးငယ်များသည်** နျူမိုကော့ကယ် နှစ်မျိုးစပ်ကာကွယ်ဆေး 4 ကြိမ် လိုအပ်လေ့ရှိပါသည်။ ယင်းထိုးဆေးများကို အသက် 2၊ 4၊ 6 နှင့် 12-15 လတို့တွင် ထိုးရန်တိုက်တွန်းပါသည်။

**ပိုကြီးသော ကလေးများနှင့် ကြီးကောင်ဝင်စ သူများသည်** မွေးကင်းစကလေးများ သို့မဟုတ် ကလေးငယ်များအဖြစ် တိုက်တွန်းထားသည့် ထိုးဆေးများကို မရရှိခဲ့ပါက ၎င်းတို့၏အသက်နှင့် ဆေးဘက်ဆိုင်ရာ အခြေအနေများ သို့မဟုတ် အခြားအန္တရာယ်ရှိသည့် အချက်များအပေါ် မူတည်၍ နျူမိုကော့ကယ် နှစ်မျိုးစပ်ကာကွယ်ဆေးကို လိုအပ်ခြင်း ရှိနိုင်ပါသည်။

ယခင်က နျူမိုကော့ကယ် နှစ်မျိုးစပ်ကာကွယ်ဆေး မထိုးရသေးသည့် အချို့သော ဆေးဘက်ဆိုင်ရာ အခြေအနေများ သို့မဟုတ် အခြားအန္တရာယ်ရှိသည့်အချက်များရှိသည့် **အသက် 19 နှစ်မှ 64 နှစ်အထိ လူကြီးများသည်** နျူမိုကော့ကယ် နှစ်မျိုးစပ်ကာကွယ်ဆေးကို ထိုးသင့်ပါသည်။

ယခင်က နျူမိုကော့ကယ် နှစ်မျိုးစပ်ကာကွယ်ဆေး မထိုးရသေးသည့် **အသက် 65 နှစ်နှင့်အထက် လူကြီးများသည်** နျူမိုကော့ကယ် နှစ်မျိုးစပ်ကာကွယ်ဆေးကို ထိုးသင့်ပါသည်။

အချို့သော ဆေးဘက်ဆိုင်ရာ အခြေအနေများရှိသူ အချို့ကိုလည်း နျူမိုကော့ကယ် ပိုလီဆက်ချရိုက်ဒ် ကာကွယ်ဆေး (PPSV23 ဟုသိကြသော နျူမိုကော့ကယ် ကာကွယ်ဆေး အမျိုးအစားကွဲတစ်ခု) ကိုထိုးရန်လည်း တိုက်တွန်းပါသည်။ ယခင်က နျူမိုကော့ကယ် နှစ်မျိုးစပ်ကာကွယ်ဆေး ထိုးထားသည့် အရွယ်ရောက်ပြီးသူ အချို့ကို နောက်ထပ်နျူမိုကော့ကယ် နှစ်မျိုးစပ်ကာကွယ်ဆေးကိုထိုးရန် တိုက်တွန်းခြင်းရှိနိုင်ပါသည်။

## 3. သင့်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် စကားပြောပါ

ကာကွယ်ဆေး အထိုးခံမည့်သူတွင် အောက်ပါတို့ရှိပါက ကာကွယ်ဆေးထိုးပေးသူကို ပြောပါ -

**.ယခင်က မည်သည့်နျူမိုကော့ကယ် နှစ်မျိုးစပ် ကာကွယ်ဆေး (PCV13၊ PCV15၊**

U.S. Department of Health and Human Services
Centers for Disease Control and Prevention

**PCV20 သို့မဟုတ် PCV7 ဟုသိကြသော ပိုစောသည့် နျူမိုကော့ကယ် ကာကွယ်ဆေးတစ်မျိုး) အမျိုးအစားမဆို သို့မဟုတ် diphtheria toxoid ပါဝင်သော မည်သည့်ကာကွယ်ဆေးမဆို** (ဥပမာအားဖြင့် DTap) **ကိုထိုးပြီးနောက် ဓာတ်မတည့်ခြင်းတုံ့ပြန်မှု ရှိဖူးခြင်း** သို့မဟုတ် မည်သည့် **ပြင်းထန်ပြီး အသက်အန္တရာယ်ရှိသည့် ဓာတ်မတည့်မှုမဆို** ရှိခြင်း

အချို့အခြေအနေများတွင် သင့်ကိုကျန်းမာရေးစောင့်ရှောက်မှု ပေးသူသည် နောင်တစ်ချိန် လာရောက်ပြသချိန်အထိ နျူမိုကော့ကယ် နှစ်မျိုးစပ် ကာကွယ်ဆေးထိုးခြင်းကို ဆိုင်းငံ့ထားရန် ဆုံးဖြတ်ခြင်းရှိနိုင်ပါသည်။

အအေးမိခြင်းကဲ့သို့သော အပျော့စား နာမကျန်းမှုများ ရှိသူများကို ကာကွယ်ဆေးထိုးနိုင်ပါသည်။ အသင့်အတင့် သို့မဟုတ် ပြင်းထန်စွာ နေမကောင်းသူများသည် နလန်ပြန်ထသည်အထိ စောင့်သင့်လေ့ရှိပါသည်။

သင့်ကို ကျန်းမာရေးစောင့်ရှောက်မှု ပေးသူက သတင်းအချက်အလက် ပိုပေးနိုင်ပါသည်။

## 4. ကာကွယ်ဆေးတုံ့ပြန်မှု တစ်ခု၏အန္တရာယ်များ

.နျူမိုကော့ကယ် နှစ်မျိုးစပ် ကာကွယ်ဆေးထိုးပြီးနောက်တွင် ဆေးထိုးသည့်နေရာ၌ နီရဲခြင်း၊ ရောင်ရမ်းခြင်း၊ နာကျင်ခြင်း သို့မဟုတ် အောင့်ခြင်း၊ ဖျားခြင်း၊ အစားအသောက်ပျက်ခြင်း၊ ဇီဇာကြောင်ခြင်း (ဂဏှာမငြိမ်ခြင်း)၊ နွမ်းနယ်သည်ဟု ခံစားရခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ခြင်းများ၊ အဆစ်နာကျင်ခြင်းနှင့် ချမ်းခြင်းတို့ ဖြစ်နိုင်ပါသည်။

ပိုးအသေပါသော တုပ်ကွေးကာကွယ်ဆေးနှင့် တစ်ချိန်တည်းတွင် ထိုးပါက နျူမိုကော့ကယ် နှစ်မျိုးစပ် ကာကွယ်ဆေးထိုးပြီးနောက် ကလေးငယ်များတွင် အဖျားကြောင့်တက်ခြင်းများ ဖြစ်နိုင်သည့်အန္တရာယ် ပိုများခြင်းရှိနိုင်ပါသည်။ နောက်ထပ်သတင်းအချက်အလက်အတွက် သင့်အား ကျန်းမာရေးစောင့်ရှောက်မှု ပေးသူကိုမေးပါ။

တစ်ခါတစ်ရံတွင် လူများသည် ကာကွယ်ဆေးထိုးခြင်းအပါအဝင် ဆေးဘက်ဆိုင်ရာ လုပ်ဆောင်မှုများပြုလုပ်ပြီးနောက် သတိလစ်ပါသည်။ သင့်တွင်မူးဝေခြင်း သို့မဟုတ် အမြင်အာရုံ အပြောင်းအလဲများရှိခြင်း သို့မဟုတ် နားအူခြင်းတို့ ခံစားရပါက ဆေးထိုးပေးသူကိုပြောပါ။

မည်သည့်ဆေးမဆို ကဲ့သို့ပင် ကာကွယ်ဆေးတစ်မျိုးသည် ပြင်းထန်သော ဓာတ်မတည့်ခြင်း တုံ့ပြန်မှုတစ်ခု၊ အခြားကြီးမားသော ထိခိုက်ဒဏ်ရာ သို့မဟုတ် သေဆုံးခြင်းတို့ ဖြစ်ပွားနိုင်သည့်အန္တရာယ် အလွန်နည်းပါးစွာ ရှိပါသည်။

## 5. ကြီးမားသော ပြဿနာတစ်ခုရှိလျှင် ဘာဖြစ်မလဲ။

ဓာတ်မတည့်ခြင်း တုံ့ပြန်မှုတစ်ခုသည် ကာကွယ်ဆေးထိုးထားသူ ဆေးခန်းမှ ထွက်သွားပြီးနောက်တွင် ဖြစ်ပွားနိုင်ပါသည်။ ပြင်းထန်သော ဓာတ်မတည့်ခြင်း တုံ့ပြန်မှုတစ်ခု၏ အချက်ပြများ (အင်ပြင်ထခြင်း၊ မျက်နှာနှင့်လည်ချောင်းတို့ ရောင်ရမ်းခြင်း သို့မဟုတ် အားနည်းခြင်း) ကို တွေ့ရှိရပါက **9-1-1** သို့ဖုန်းခေါ်ကာ နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပါ။

သင်စိုးရိမ်ပူပန်သည့် အခြားသောအချက်ပြများအတွက် သင့်အား ကျန်းမာရေးစောင့်ရှောက်မှုပေးသူကို ဖုန်းခေါ်ပါ။

ဆိုးကျိုးပေးသော တုံ့ပြန်မှုများကို ကာကွယ်ဆေး၏ ဆိုးကျိုးဖြစ်ရပ်များ သတင်းပို့ခြင်းစနစ် (Vaccine Adverse Event Reporting System, VAERS) သို့ သတင်းပို့သင့်ပါသည်။ ပုံမှန်အားဖြင့် ဤအစီရင်ခံစာကို သင့်အား ကျန်းမာရေးစောင့်ရှောက်မှုပေးသူက သတင်းပို့မည်ဖြစ်ပါသည် သို့မဟုတ် သင်ကိုယ်တိုင်လည်း ပြုလုပ်နိုင်ပါသည်။ VAERS ဝဘ်ဆိုက်ကို www.vaers.hhs.gov တွင်သွားရောက်ပါ သို့မဟုတ် **1-800-822-7967** သို့ခေါ်ဆိုပါ။ VAERS သည် တုံ့ပြန်မှုများကို သတင်းပို့ရန်အတွက်သာဖြစ်ပြီး VAERS ဝန်ထမ်းအဖွဲ့ဝင်များသည် ဆေးဘက်ဆိုင်ရာ အကြံဉာဏ်ကိုမပေးပါ။

## 6. နိုင်ငံလုံးဆိုင်ရာ ကာကွယ်ဆေးကြောင့် ထိခိုက်ဒဏ်ရာရမှု လျော်ကြေးပေးခြင်း ပရိုဂရမ်

နိုင်ငံလုံးဆိုင်ရာ ကာကွယ်ဆေးကြောင့် ထိခိုက်ဒဏ်ရာရမှု လျော်ကြေးပေးခြင်း ပရိုဂရမ် (National Vaccine Injury Compensation Program, VICP) သည် ဖက်ဒရယ် ပရိုဂရမ်တစ်ခုဖြစ်ပြီး အချို့သောကာကွယ်ဆေးများကြောင့် ထိခိုက်ဒဏ်ရာရသူများကို လျော်ကြေးပေးရန် ဖန်တီးထားခြင်းဖြစ်ပါသည်။ ကာကွယ်ဆေးကြောင့်ဖြစ်သော ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းနှင့် ပတ်သက်သည့် လျော်ကြေးတောင်းဆိုမှုများတွင် တင်ပြခြင်းအတွက် အချိန်ကန့်သတ်ချက်ရှိပြီး ယင်းမှာ နှစ်နှစ်မျှသာ ဖြစ်နိုင်ပါသည်။ ပရိုဂရမ်အကြောင်း ပိုမိုလေ့လာခြင်းနှင့် လျော်ကြေးတောင်းဆိုခြင်းအကြောင်း လေ့လာရန်အတွက် VICP ဝဘ်ဆိုက်ကို www.hrsa.gov/vaccinecompensation တွင်သွားရောက်ပါ သို့မဟုတ် **1-800-338-2382** သို့ ခေါ်ဆိုပါ။

## 7. မည်သို့ပိုမိုသိရှိနိုင်ပါသလဲ။

- သင့်အား ကျန်းမာရေးစောင့်ရှောက်မှု ပေးသူကိုမေးပါ။
- သင့်ဒေသတွင်း သို့ မဟုတ် ပြည်နယ်ကျန်းမာရေးဌာနသို့ ဖုန်းခေါ်ပါ။
- ကာကွယ်ဆေးဘူးခွံတွင် ထည့်သွင်းထားသည်များနှင့် နောက်ထပ်သတင်းအချက်အလက်အတွက် အစားအသောက်နှင့်ဆေးဝါး စီမံခန့်ခွဲရေး (Food and Drug Administration, FDA) ဝဘ်ဆိုက်ကို www.fda.gov/ vaccines-blood-biologics/vaccines တွင် သွားရောက်ပါ။
- ရာဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာများ (Centers for Disease Control and Prevention, CDC) သို့ ဆက်သွယ်ပါ -
  - **1-800-232-4636** (**1-800-CDC-INFO**) သို့ခေါ်ဆိုပါ သို့မဟုတ်
  - CDC ၏ဝဘ်ဆိုက်ကို www.cdc.gov/vaccines တွင် သွားရောက်ပါ။

Burmese translation of Pneumococcal Conjugate VIS provided by St. Peter's Health Partners



OFFICE USE ONLY